# နွဲ့ယိမ်းခင်

## အကြင်နာည



# အခန်း- ၁

'HOP CLUB'

မြူးကြွသော တေးသီချင်းသံများနှင့်အတူ လေပေါ်မှာ မြှောက်ထားသော လက်များနှင့် တေးသွားအလိုက် ယိမ်းကနေသော ဖြူပြာနီဝါ ရောင်စုံကာလာမျိုးစုံဖြင့် အလှပဂေးများ။

Garnidelia ၏ Gokuraku Jodoသီချင်းက Sexyကျကျ မြူးထူးလွန်းလှသည်။ ကလပ်အတွင်း အလန်းစားကကွက်များက တီးလုံးတိုက်ထားခြင်း မရှိသော်လည်း တစ်ပတ်လည်ဒွန့်လိုက်၊ လှပသွယ်လျသော လက်ချောင်းများကို မိုးပေါ်မြှောက်ပြီး ကသောအခါတွင် လုံးဝသံပြိုင်ညီလွန်းလှသည်။

မြူးကြွသော တေးသီချင်းသံနှင့်အတူ လှပသောမိန်းကလေးများက တင်၊ ရင်၊ ခါးတို့ကို ကွေးညွတ်သွားသည်အထိကို လှုပ်ခါကခုန်နေကြသည်။ ခပ်မိုက်မိုက်ကောင်လေးများက ခြေထောက်နှင့် လက်ကိုသာ အားပြုပြီး ကခုန်နေကြသည်။ အချို့ကောင်လေးများက အရက်၏အရသာကို ခံစားရင်း ခုန်ပေါက်မြူးထူးနေကြသော မိန်းကလေးများထဲမှ လှပပြီး ဘော်ဒီမိမိုက်သော အလှပိုင်ရှင်များကို ငမ်းနေကြသည်။

ကလပ်အတွင်း လူပျို၊ လူအို(အိမ်ထောင်သည်အမျိုးသားများ)၊ တစ်ခုလပ်အမျိုးသားများ ပါနိုင်သလို ဆက်ရက်တောင်ပံကျိုး၊ အပျို (ချစ်သူရည်းစားရှိသူများနှင့် လွတ်လပ်သော မိန်းကလေးများ) လည်း ပါဝင်ကောင်း ပါဝင်ပေလိမ့်မည်။

"tsuki-akari noboru karo

tomoru aka chouchin matsuri

bayashino aizu"

"အရမ်းမိုက်တယ် ရှိရှိ ဟေး ဝူး "

"အိုး အိုး ဟေ့ မိုက်တယ် မိုက်တယ် "

ဆူဆူညံညံ အသံစုံများဖြင့် 'Hop Club'ထဲတွင် မီးရောင်စုံ ပြိုးပြိုးပြက်ပြက်၊ လင်းလင်းလက်လက်။

တေးဂီတသံက ညတစ်ညကို ပျော်မျစ်လှပအောင် ဖန်တီးပေးနေဆဲ ...

မြူးကြွသော တေးဂီတသံနှင့်အတူ တောင်ယိမ်းမြောက်ယိမ်းဖြင့် ခုန်ပေါက်မြူးထူးနေသော မိန်းကလေးတစ်ယောက် ...

သူမက အခြားမိန်းကလေးများလို ကခုန်နေခြင်းမဟုတ်၊ ခြေထောက်ကို ဆောင့်ချပြီး ကခုန်နေခြင်း ဖြစ်သည်။

" ဘယ်လိုကနေတာလဲ ဟယ် ...မကတတ်လို့ ဆောင့်ဆောင့်ချနေတာလား "

" ဟား ဟား ဟား "

" အဲကောင်မကိုကြည့်ပြီး ငါပါ ကချင်စိတ် ပျောက်သွားတယ် "

" ဟုတ်ပ့ါအေ ...ဟား ဟား ဟား "

"ဟဲ့ အဲမိန်းမကို နင်တို့ မသိကြဘူးလား"

" ဘယ်လို ဘယ်လို "

" ငါတို့ကျောင်းတုန်းက အတန်းဖော်လေ"

"ဩော် သိပြီ သိပြီ "

ထိုမိန်းကလေးက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကြိုးစားပမ်းစားကို ကခုန်နေသည်။ သူမကို လှမ်းကြည့်ပြီး စောင်းမြောင်း ပြောဆိုဟန်ကိုလည်း မှုဟန်မပေါ်။

သို့သော် တစ်ခဏအကြာတွင် မကဘဲ ရပ်ကာ သူမကို ကြည့်ပြီး ပြောနေသော မိန်းမတစ်စုကိုတစ်ချက် စူးပြီး ကြည့်လိုက်သည်။

သူတို့ကို တစ်ချက်သာ ဝေ့ကြည့်ပြီးနောက် ဘာမှအရေးမပါသလို အေးဆေးသော ခြေလှမ်းဖြင့် မားဗီးယပ် စီးကရက်တစ်လိပ်ကို နှုတ်ခမ်း၌ တေ့ကိုက်ရင်း ဘောင်းဘီအိတ်ကပ်ထဲမှ မီးခြစ်ကို ထုတ်ယူလိုက်သည်။ ဆေးလိပ်မီးညှိပြီး သူ့အလုပ်နဲ့သူ ရှုပ်နေသည်မို့ ဘယ်သူမှ သူမအတွေး၌ စျာန်မဝင် ...

"အလှလေး ကိုယ့်ကို မီးတစ်တို့လောက် "

အရက်ဝိုင်းမှ ဒယိမ်းဒယိုင်ဖြင့် သက်တူရွယ်တူ လူငယ်တစ်ယောက်က သူမထံ လျှောက်လာပြီး လက်ထဲမှ မီးခြစ်ကို ဆွဲယူရန်ပြင်တော့ သူမကလက်ကို ရှောင်လိုက်သည်။

" စေတနာက စျေးကြီးတယ် "

ရင့်သီးသော သူ့အပြောကို ထိုလူငယ်မှ ဘာမျှမပြောနိုင်ခင်မှာဘဲ မီးရောင်စုံ ကြားထဲ တိုးဝင်ပျောက်ကွယ်သွားသော မိန်းကလေး။ ထိုမိန်းကလေး၏ ဘတ်တိုက်သောအကျင့်ကို ပုရိသတချို့ အသည်းတယားယားဖြင့် လက်ဖျားခါကျန်ခဲ့တော့သည်။ သူမက ဒုတိယအကြိမ် ကခုန်ရန်ပြင်နေသောအခါ ...

"ဆယ်တန်းကျတာတောင် ကနိုင်သေးတယ် အံ့ပါရဲ့ "

"ဟုတ်ပ့ါ ငါတို့လို ဆယ်တန်းအောင်တဲ့လူတွေထက်ကို မြူးခုန်ပြနေတယ်

လွတ်များသွားတာလား "

အသံလာရာသည် ခုနက မိန်းကလေးတစ်သိုက်ထဲကပင် ဖြစ်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသော မိန်းကလေးကို သူ တစ်ချက်သာ ငေ့ကြည့်လိုက်သည်။

ပြီးတော့ စပြီး ကခုန်ရန် ခြေလှမ်း စသည်။ သည်တစ်ခါ တေးဂီတသံသည် ခပ်အေးအေးဘက်သို့ သွားသဖြင့် ကြမ်းကြမ်းရမ်းရမ်း ကခုန်လို့မရဘဲ ဖြစ်နေသည်။ ထို့ကြောင့် ထိုမိန်းကလေးများ၏ ခပ်ပြတ်ပြတ် အပြစ်တင်ဝေဖန်သံကို ပီပီသသ ကြားနေရသည်။ တမင်တကာ သူမကြားအောင် ပီပီသသ ပြောခြင်းလည်း ဖြစ်နိုင်သည်။

"အလကား ဆန်ကုန်မြေလေးပါကွာ ခစ်ခစ် ခစ် "

"ဟုတ်ပါရဲ့ မျိုးရိုးကတော့ အထက်တန်းစား ဟား ဟား အား ... "

" ခွမ်း ခွမ်း "

" အား အမေ့ "

" လုလုပပ စကားလုံးတွေပြောတတ်ဖို့ သင်ပေးမယ် ခွမ်း ခွမ်း "

" အား အ "

" ဟာ ... အရက်တွေကျန်သေးတယ် မလုပ် ဟာ ... "

" ခွမ်း ခွမ်း "

" မလုပ် မလုပ်နဲ့ "

ကလပ်အတွင်း ဆူဆူညံညံဖြင့် ဝရုန်းသုန်းကား အခြေအနေတစ်ခုသို့ ရောက်ရှိသွားသည်။ တေးသီချင်းသံများ လုံးဝ တိတ်သွားပြီး ကလပ်အတွင်းမှ လူအများ၏ အကြည့်က ဆလိုက်မီးထိုးသလို သူတို့ထံ ရောက်လာ၏။

လုံခြုံရေး တာဝန်ကျ ကောင်လေးများက အပြေးအလွှား သူမကို ပြေးဆွဲကြသည်။ 'Hop Club'အတွင်း လူအများ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ အရက်ပုလင်းခွံတွေက ယခုအခါ ဖန်ကွဲစတွေအဖြစ် ပြောင်းလဲသွားသည်။ ထိုမိန်းကလေးများ၏ ခေါင်းတွင် သွေးအလိမ်းလိမ်းနှင့် ခေါင်းဆီသို့ ထိုးစိုက်သွားသော ဖန်ကွဲစများ။

"နောက်တစ်ခါ အသက်ပါ ဆွဲနုတ်ပေးမယ် ... တောက် "

လုံခြုံရေးတွေ ဆွဲထုတ်သွားသည့်ကြားက တောက်ခေါက်သံ ပြင်းပြင်းနှင့် အတူ ကြိမ်းမောင်းလိုက်သေးသည်။ သူမကတော့ မဟုတ်လျှင် နည်းနည်းလေးမှ အကျောမခံသည့် `အတာကျူး´။

နာမည်က မြန်မာဆန်ပေမဲ့ ဝတ်စားဆင်ယင်မှုက အနောက်တိုင်းဆန်ပြီး ခြေမြန်လက်မြန်နိုင်သည့် ဘုဆတ်ဆတ် ကောင်မလေး။

လွန်ခဲ့သောငါးနှစ် ... သူမအပေါ် ဖေဖေ့အချစ်တွေကို ဆုံးရှုံးလိုက်ရသောနေ့ ... ဖေဖေ့ဂရုစိုက်မှုတွေ သိသိသာသာ လျော့နည်းသွားသောနေ့။ ဖေဖေ နောက်အိမ်ထောင်ပြုသောနေ့။ မေမေမရှိတော့သည့် အချိန်ကစပြီး ဖေဖေသည် ကျူးကို အဖေလိုတစ်မျိုး၊ အမေလိုတစ်ဖုံ ဂရုစိုက် စောင့်ရှောက်ပေးခဲ့သည်။ သို့သော် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဖေဖေသည် ဤသို့ နောက်အိမ်ထောင်ပြုလိမ့်မည်ဟု ကျူးထင်မထားသည်မှာ အမှန်။ ဦးမင်းထင်တစ်ယောက် ဒေါ်ခင်မမအား အိမ်ထောင်ဖက်အဖြစ် ခန့်အပ်ကာ အိမ်သို့ ထာဝရအပိုင် ခေါ်ခဲ့သောနေ့ကစပြီး `အတာကျူး´တစ်ယောက် စိတ်ထင်ရာအတိုင်း ဖြစ်သလိုနေထိုင်ခဲ့သည်။ အဖေမသိအောင် ကလပ်သွားသည်။ barသွားသည်။ ဆေးလိပ် သောက်တတ်လာသည်။ မူးသည်။ မှောက်သည်။ လူရိုက်သည်။

မိထွေးဖြစ်သူ၌ သားတစ်ယောက် ရှိသည်ဟု ကျူး မသိချင်သည့်ကြားထဲ

က သိထားသည်။ ဖေဖေသည် မကောင်းသော အမူအကျင့်များနှင့် ပျော်မွေ့လာသည့် သူမအား အပြစ်ဒဏ်ပေး ဆုံးမတတ်၏။ ထိုအခါမျိုးတွင် မိထွေးဖြစ်သူ ဒေါ်ခင်မမတစ်ယောက် အကျေနပ်ကြီးကျေနပ်ကာ ဦးမင်းထင်အား ချွဲချွဲနွဲ့နွဲ့ဖြင့် ပါဝင်ဖျောင်းဖျပေးတတ်လေ၏။

"အတာကျူး ညည်းကိုယ်ညည်း ဘာထင်နေတာလဲ။ ညအချိန်က မိန်းကလေးတစ်ယောက် အပြင်ထွက်ရမဲ့ အချိန်လား"

"......... "

"ညည်း တော်တော် အတတ်ကောင်းတွေတတ်နေတယ်ပေါ့ ဟုတ်လား"

"အို ကိုရယ် စိတ်လျှော့ပါ ... သမီးလေးက လိမ္မာမှာပါ။ ဒေါသကို ရှေ့တန်းမတင်ပါနဲ့ ကိုရယ်"

"ကိုယ် တကယ် စိတ်တိုမိတယ်"

"လာပါ ကိုရယ် ... အနားယူတော့နော် သမီးလေးက ကိုယ့်စကားကို နားဝင်မှာပါ စိတ်လျှော့နော်"

ဒေါ်ခင်မမ ဦးမင်းထင်ကို အမျိုးမျိုးဖျောင်းဖျပြီး နားနေခန်းသို့ ခေါ်သွားသည်။ သူ့ကို သမီးဟုခေါ်သည်ကို လုံးဝမှမနှစ်မြို့။ ပြီးတော့ ဒေါ်ခင်မမ၏ အပြုံးကို လုံးဝမှ မနှစ်သက်။ ကောက်ကျစ်သော အပြုံးကို သူမ မြင်နေရသည်။ ဖေဖေ သူမကို မချစ်တော့သည်မှာ လုံးဝ သေချာသည်ဟု ထင်သည်။

ဒေါ်ခင်မမ ဦးမင်းထင်လက်ကို ဆွဲပြီး ကျေနပ်စေရန် ဖျောင်းဖျပြောဆိုရင်း စိတ်ထဲမှ မကျေမချမ်း ရေရွတ်မိသည်။

``ပျက်ပျက်စီးစီး နိုင်လိုက်တာဟယ်။ လူကြားလို့မှ မကောင်းဘူး ´´

"ဘယ်လို သား"

"ဟုတ်ကဲ့ ဖေဖေနဲ့မေမေ"

သားဖြစ်သူထံမှ ထင်မှတ်မထားသော စကားကြောင့် ဦးမိုးလုံးနှင့် ဒေါ်ရွှေရည်တို့ အံ့သြ တုန်လှုပ်မိကြတော့သည်။ အကြောင်းမှာ သူ့ဝါသနာပါရာလည်းဖြစ်၊ သူတို့မိဘနှစ်ပါးလုံး၏ ပညာရေး လုပ်ငန်းလည်းဖြစ်သည့် စာသင်သည့် ကျောင်းဆရာအလုပ်ကို ငြင်းပယ်လိုက်ခြင်းကြောင့်ပင်။ ယခင်နှစ်များကဆိုလျှင် သည်လို ကကြိုကကြောင် လုပ်လေ့မရှိပေ။ ယခုနှစ်မှ ငြင်းဆန်လာ၍ သူတို့ဇနီးမောင်နှံတို့ အံ့သြသွားကြခြင်းဖြစ်ပေသည်။ ဆရာကြီး ဦးမိုးလုံး ပျာပျာသလဲဖြင့် စာသင်မပေးခြင်သည့် အကြောင်းအရင်းကို သားဖြစ်သူအား မေးရသည်။

"ဘာက အဆင်မပြေလို့လဲ သား"

"ဗျာ"

"သား တစ်ခုခု အဆင်မပြေ ဖြစ်နေတာလားလို့"

"မဟုတ် မဟုတ်ပါဘူး ဖေဖေ သည်အတိုင်း..."

"အထက်တန်းတွေမှာ အင်္ဂလိပ်စာက အရေးအကြီးဆုံးပဲမလား"

"ဒါပေမဲ့"

ဒီရေလှိုင်း ဆက်လက်ငြင်းဆန်ရန် အကြောင်းပြချက် ရှာမရ ဖြစ်သွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ဆယ်တန်း၌ အင်္ဂလိပ်စာက အရမ်းအရေးကြီးသည် မဟုတ်ပါလား။ သူက အင်္ဂလိပ်စာ၌ တော်လွန်းထက်မြက်လွန်းသော E မေဂျာနှင့် ကျောင်းပြီးထားသော ကျောင်းဆရာတစ်ယောက်ပင် ဖြစ်သည်။

"ဖေဖေတို့ ကျူရှင်မှာ သားကိုယ်တိုင်ရှိမှ အဆင်ပြေမှာ"

"ကျွန်တော် စာသင်ချင်စိတ် မရှိဘူးဖြစ်နေတယ်"

ဤသည်ကို ဦးမိုးလုံးနှင့် ဒေါ်ရွှေရည်တို့ နားလည်သလိုတော့ ရှိသည်။

ဒီရေလှိုင်း စာမသင်ချင်တော့သည့် အကြောင်းအရင်းက...အဖြစ်အပျက်တစ်ခုကို မေ့ဖျောက်ပစ်ချင်၍ ဖြစ်နိုင်သည်။ ထိုအဖြစ်အပျက်သည် သူတို့စာသင်ရာ ကျူရှင်ဝိုင်းမှာသာ ဖြစ်ပျက်ခဲ့ဖူးသည်။ အတွေးနယ်ချဲ့မိရာက ဖေဖေနှင့်မေမေတို့၏ မေတ္တာရပ်ခံသော စကားများကြောင့် အတွေးထဲက လန့်နိုးသွားရတော့သည်။

"သေချာစဉ်းစားပါဦး သားရယ် ... မေမေတို့ကျူရှင်မှာ သားမရှိလို့မှမဖြစ်တာ ကျောင်းသား ကျောင်းသူတွေအတွက် ငဲ့ပြီး စဉ်းစားပေးပါဦး"

***